HARVARD Kennedy School
ASH CENTER
for Democratic Governance
and Innovation

RAJAWALI FOUNDATION
INSTITUTE FOR ASIA

# တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်တို့အကြား စီးပွားရေး ဆက်ဆံရေး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ခွန်အားမြှင့်တင်ပေးခြင်း

## China and Yunnan Economic Relations with Myanmar and the Kachin State: Powering the Peace Process

မြန်မာနိုင်ငံရှိ Proximity Designs အဖွဲ့အတွက် ပြင်ဆင်တင်ပြသည်။

ဩဂုတ်လ ၂၉ ရက်၊ ၂၀၁၂ ခုနှစ်။

DRAFT

ယခု သုတေသနစာတန်းကို ဟားဗတ်တက္ကသိုလ်၊ ဂျွန် အက်ဖ် ကနေဒီ အစိုးရဆိုင်ရာ ပညာကျောင်း၊ ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်နှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အက်ရှ် စင်တာ (Ash Center ) မှ ဒေးဗစ် ဒါပိစ် David Dapice (David_Dapice@harvard.edu) က မြန်မာနိုင်ငံ သို့ လာရောက်လေ့လာခဲ့သည့် ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၉ မှ ဩဂုတ်လ ၁၄ ရက်နေ့ ခရီးစဉ်ပြီး နောက်ပိုင်းတွင် ရေးသားထားခြင်း ဖြစ်ပါသည်။ *ယခုစာတန်းတွင်ဖော်ပြထားချက်များသည် စာရေးသူ၏ ကိုယ်ပိုင်အမြင်သက်သက်သာ ဖြစ်ပြီး၊ Proximity အဖွဲ့အတွက်သော်လည်းကောင်း၊ မြန်မာအစိုးရအတွက်သော်လည်းကောင်း၊ ဟားဗတ် တက္ကသိုလ်အတွက်သော်လည်းကောင်း ၎င်းတို့၏ အမြင်များကို ထင်ဟပ်ခြင်း မရှိပါ။* စာရေးသူက မြန်မာအစိုးရတွင်းမှ လူပုဂ္ဂိုလ်များ၊ ကချင်လွတ်မြောက်ရေးအဖွဲ့မှ လူပုဂ္ဂိုလ်များကို သူတို့၏ အမြင်များ ဝေငှဖလှယ်ခဲ့ကြသည့်အတွက် ကျေးဇူးအထူး တင်ရှိပါသည်။ ယခုလေ့လာမှုများအတွက် ရန်ပုံငွေကို နော်ဝေနိုင်ငံအစိုးရက ထောက်ပံ့ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။ ယခု သုတေသနစာတန်းနှင့်အတူ မကြာသေးမီက ပြုစုတင်ပြ ခဲ့သော Ash-Proximity ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် အစီရင်ခံစာများကို အောက်ဖော်ပြပါ အင်တာနက်စာမျက်နှာတွင် ရယူဖတ်ရှုနိုင်ပါသည်။
http://www.ash.harvard.edu/Home/Programs/Institute-for-Asia/Publications/Occasional-Papers

မာတိကာ

နောက်ဆက်တွဲ (၁)။ စာရေးသူ၏ အကြောင်းနှင့် သုတေသနပြုစုရာတွင် ပါဂင်ဆောင်ရွက်ခဲ့သည့် မိတ်ဖက်အဖွဲ့အစည်းများ ..... 4

နိုင်ငံရေးနောက်ခံ ..... 5

အလားအလာနှင့် အစီအစဉ်များ ..... 8

ကချင်ပြည်နယ်ရှိ တရုပ်၏ ရေအားလျှပ်စစ်စီမံကိန်းများ ..... 9

ဖြစ်နိုင်ခြေရှိသည့် စာချုပ်သစ်အတွက် အခြေခံအချက်များ (မူကြမ်း) ..... 10

ပုံစံအဖြစ် ဖော်ပြလိုသည့် နမူနာ အချက်အလက်များ (Fro Forma Illustrative Data) ..... 12

နောက်ဆက်တွဲ (၁)။ အဆိုပြုလိုသည့် တရုတ်-ကချင် ရေအားလျှပ်စစ်ကုမ္ပဏီ ပုံစံ နမူနာ ( ..... 14

နောက်ဆက်တွဲ (၂)။ အဆိုပြုသည့် တရုတ်-ကချင် ရေအားလျှပ်စစ် ကုမ္ပဏီ၏ ကောင်းကျိုးများ ..... 15

နောက်ဆက်တွဲ (၃)။ လျာထားသည့် ရောဂတီ၊ အဲန်မိုင်၊ မလိဆည်များပြ မြေပုံ ..... 16

နောက်ဆက်တွဲ (၄)။ ပုံစံအတူယူဖွယ် နမ့်ထွမ်း -၂ ဆည် (Nam Theun 2) ..... 17

## နောက်ဆက်တွဲ (၁)။ စာရေးသူ၏ အကြောင်းနှင့် သုတေသနပြုစုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မိတ်ဖက် အဖွဲ့အစည်းများ

ဒေးဗစ် ဒါပိစ် (David Dapice) သည် တပ်ဖ်တက္ကသိုလ် (Tufts University) မှ ပါမောက္ခတစ်ဦးဖြစ်ပြီး၊ အရှေ့တောင်အာရှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ ထင်ရှားသည့် ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် ဆောင်ရွက်လုပ်ကိုင်ခဲ့ဖူးပါသည်။ ၎င်းသည် အင်ဒိုနီးရှားနိုင်ငံ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အဓိက အကြံပေးတစ်ဦးအဖြစ် ၎င်းနိုင်ငံစီးပွားရေး လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေခဲ့သည့် ကာလများတွင် ဆောင်ရွက်ခဲ့ဖူးပါသည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့် ပတ်သက်၍ ၁၉၈၀ ခုနှစ်များအတွင်းက စတင်၍ လေ့လာခဲ့ပြီး၊ အထူးသဖြင့် မက္ကရိုစီးပွားရေး ပြဿနာများ၊ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အလေးထားလေ့လာခဲ့ပါသည်။ ပါမောက္ခဒါပိစ်သည် အက်ရှ်စင်တာ၏ မြန်မာနိုင်ငံဆိုင်ရာ သုတေသနစာတန်းများရေးသား ပြုစုရာတွင်လည်း အဓိကဦးဆောင်နေသည့် စီးပွားရေး ပညာရှင်နှင့် သုတေသီတစ်ဦး ဖြစ်ပါသည်။

HARVARD Kennedy School
ASH CENTER
for Democratic Governance and Innovation

ဟားဗတ်တက္ကသိုလ်၊ ကနေဒီကျောင်း၏ အက်ရှ်စင်တာ (Ash Center) သည် အခြေအနေ အမျိုးမျိုး အောက်တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်များ အကြောင်းကို အလေးပေး လေ့လာနေသည့်ဌာနတစ်ခု ဖြစ်ပါသည်။ ဤလေ့လာမှုများတွင် "အမာနိုင်ငံများ (hard countries)" ဟု ခေါ်ဆိုကြသည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနိုင်ငံတို့အပေါ် လေ့လာမှုများလည်း အပါအဝင် ဖြစ်ပါသည်။ ချည်းကပ်ဆောင်ရွက်ပုံမှာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ၏ နည်းပညာသဘော စီးပွားရေးပိုင်းမျှသာ မဟုတ်ဘဲ၊ နိုင်ငံရေးနှင့် နီးနွယ်နေသည့် စီးပွားရေးသဘောကို နားလည်ရန်၊ လူမှုရေးနှင့် စီးပွားရေးပြဿနာများ ဖြေရှင်းရာတွင် နိုင်ငံရေးနှင့် အုပ်ချုပ်မှု အဆောက်အဦ (အင်စတီကျူးရှင်းများ) ဖွံ့ဖြိုးမှု ဆက်စပ်နေပုံအကြောင်းများကို ရှာဖွေသိရှိနိုင်ရန် ဖြစ်ပါသည်။ www.ash.harvard.edu

proximity

(Proximity Designs) အဖွဲ့သည် မြန်မာနိုင်ငံရှိ အကျိုးအမြတ်မယူသည့် လူမှုရေးအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး၊ ကျေးလက်ဒေသနေ မိသားစုများ သာယာဝပြောစေရန် တီထွင်ဖန်တီးမှုရှိစွာ ထုတ်လုပ်သည့် ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများကို ဒီဇိုင်းရေးဆွဲခြင်း၊ ထုတ်လုပ်ခြင်းနှင့် ဈေးကွက်တင်ခြင်းများ တိုးတက်ဖွံ့ဖြိုးလာအောင် ပံ့ပိုး ကူညီပေးနေပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၊ ခြောက်သွေ့ဇုန်၊ ရှမ်းပြည်နယ်များအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး ၉-ခုရှိ ၎င်း၏အရောင်းရုံးခန်းများမှတဆင့် (Proximity) အဖွဲ့က ဒေသခံများ၏ အခြေအနေကို အတွင်းကျကျ သိရှိနိုင်ခြင်း၊ ကျေးလက်ဒေသများတွင် လူများပါဝင်ဆောင်ရွက်၍ စီမံအုပ်ချုပ်မှုစနစ် စမ်းသပ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်နေပါသည်။ www.proximitydesigns.org

**(Proximity) အဖွဲ့နှင့် လက်တွေ့ကွင်းထဲရှိ ဒေသ အသိသုတများနှင့် ပေါင်းစပ်၍ အက်ရှ်စင်တာ၏ စီးပွားရေးနှင့် နိုင်ငံရေးစိစစ် သုံးသပ်ချက်များကို စဉ်ဆက်မပြတ် လေ့လာပြုစုနေပါသည်။ ဤလေ့လာချက်များသည် ပို၍နက်ရှိုင်းပြီး၊ ပုံမှန်တွေ့မြင်နေကျ အခြားလေ့လာမှုများထက် သီးခြားကွဲပြားမှုများ ရှိနေပါသည်။**

## နိုင်ငံရေးနောက်ခံ

၎င်း၏ အစိုးရကြောင့် အနောက်နိုင်ငံများ၏ စီးပွားရေးစနစ်ထံမှ သီးခြားကင်းကွာနေသည့် မြန်မာနိုင်ငံသည်၊ ကမ္ဘာပေါ်တွင် အဆင်းရဲဆုံးနှင့် အညံ့ဖျင်းဆုံး အုပ်ချုပ်ခံနေရသည့် နိုင်ငံတစ်ခု ဖြစ်နေပါသည်။[1] အထီးတည်းဖြစ်နေသည့် အာဏာရှင်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက၊ နှစ်ပေါင်းများစွာ အုပ်ချုပ်ခဲ့သည့်အတွင်း၊ မြန်မာနိုင်ငံက သံတမာန်ရေးကာကွယ်ပေးမှုနှင့် လက်နက်များ ရရှိနိုင်ရေးအတွက် တရုတ်ကိုမှီခိုအားထားခဲ့ကြရပါသည်။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများတွင်လည်း ၎င်း၌ အခြားရွေးချယ်စရာကင်းမဲ့နေသည့် အခြေအနေကို ထင်ဟပ်ဖော်ပြနေပါသည်။ တရုတ်နိုင်ငံ၏ "နိုင်ငံတစ်ခု၊ သမုဒ္ဒရာ နှစ်ခု" (One nation, two oceans) မူဝါဒနှင့် ယူနန်ပြည်နယ်၏ "တံတားဦး" (Bridgehead) မဟာဗျူဟာများသည် မြန်မာ နိုင်ငံကို ဖြတ်သန်းအသုံးချရန် မျှော်မြင်ထားကြပါသည်။ မြန်မာနိုင်ငံက သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်းမှတဆင့် ပင်လယ်ပြင်သို့ ထွက်ပေါက်ထိစပ်နိုင်ရေး၊ ရေနက်ဆိပ်ကမ်းများ၊ သင်္ဘောကျင်းများနှင့် ယူနန်ပြည်နယ်အတွက် သယ်ယူပို့ ဆောင်ရေးလုပ်ငန်းများ ပံ့ပိုးပေးမည်ဟု မျှော်လင့်ထားကြသည်။ တရုတ်နိုင်ငံ၏ နိုင်ငံတကာစွမ်းအင်ကုမ္ပဏီ (CPI) က ရှုမြင်ထားရာတွင် ယူနန်ပြည်နယ် တောင်ပိုင်းရှိ ကောင်းကင်မဟာကြိုးတန်းကွန်ရက် (Southern Grid) မှ တဆင့်၊ မြန်မာ နိုင်ငံ ကချင်ပြည်နယ်မှ နေ၍ ကုန်းတွင်းပိတ် ယူနန်ပြည်နယ်အတွက် လျှပ်စစ်ဓာတ်အား အမြောက်အများ ထောက်ပံ့ပေး နိုင်ပါသည်။ သဘောတူညီချက်များကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး၊ ၎င်းတို့၏ပြည် နယ်တွင် ရေအားလျှပ်စစ်စီမံကိန်း အများအပြား လုပ်ဆောင်မည့်၊ ကချင်ပြည်သူများနှင့် ပြန်လည်စိစစ်ခြင်း၊ ညှိနှိုင်းတိုင် ပင်ခြင်း မရှိခဲ့ကြပါ။[2]

ကချင်တို့သည် ၁၉၅၀ ခုနှစ်များမှစ၍ ဗဟိုအစိုးရ စစ်တပ်ကို ဆန့်ကျင်ခဲ့ရာ၌ အကောင်းဆုံးနှင့် အစုစည်းဆုံးစစ်တပ်တစ်ခု အဖြစ် ရှိနေခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ၂၀၀၇ ခုနှစ်က နိမ့်ကျသည့် လူမှုရေးနှင့် စီးပွားရေးအခြေအနေများအပေါ် သံဃာ များ ဦးဆောင်သည့် ငြိမ်းချမ်းစွာဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့ရာတွင် အကြမ်းဖက်ချေမှုန်းခဲ့ရာ၌၊ နိုင်ငံတွင်းနှင့် တပ်မတော် အတွင်း၌ပါ အကျယ်အပြန့် မကျေနပ်မှု စက်ဆုပ်မှုများ ရှိခဲ့ကြပါသည်။ အသက်အရွယ် ကြီးရင့်နေပြီဖြစ်သည့်၊ သူ၏နစ်နာ ထိခိုက်နိုင်သည့် အခြေအနေအပေါ် စိုးရိမ်မကင်းမှုများလည်း ရှိနေနိုင်သည့် ဗိုလ်ချုပ်သန်းရွှေက ဖွဲ့စည်းပုံအခြေခံဥပဒေကို ချမှတ်ခဲ့ပါသည်။ (၂၀၀၈ ခုနှစ်၊ အသေအချာစီမံခန့်ခွဲထားသည့် ဆန္ဒခံယူပွဲတွင် ၎င်းကို အတည်ပြုခဲ့သည်။) စစ်တပ်၏ ကိုယ်စားလှယ် ၂၅% ကို လွှတ်တော်အတွင်း ခန့်အပ်ထားရှိခြင်းဖြင့် စစ်တပ်၏ အုပ်ချုပ်ရေးကို သက်တမ်းရှည်စေခဲ့သည်။ ထို့အပြင် လွှတ်တော်ရွေးကောက်ပွဲများကိုလည်း လူအများက မသမာမှုများ ရှိခဲ့သည်ဟု ထင်မြင်ယူဆကြပြီး၊ ရလဒ်အဖြစ် အစိုးရ ကျောထောက်နောက်ခံ ပြုထားသည့်ပါတီက ကိုယ်စားလှယ်နေရာ အများအပြား ရရှိခဲ့သည်။ နောက်ပိုင်းကျင်းပ သည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်က အောင်မြင်ခဲ့ပြီး၊ ၎င်းကိုမှ မှန်ကန်သည့် ရွေးကောက်ပွဲဟု ယူဆကြသည်။

ဗိုလ်ချုပ်သန်းရွှေ၏ ကာလကြာရှည် လက်ထောက်ဖြစ်ခဲ့သူ၊ ဗိုလ်ချုပ်ကြီးသိန်းစိန်က သမ္မတအဖြစ်တာဝန်ယူရန် စစ်တပ်မှ အနားယူခဲ့သည်။ သူက သူ၏သမ္မတအဖြစ် တာဝန်ယူသည့်ကာလ အစောပိုင်းတွင် တရုတ်နိုင်ငံနှင့် "ဖက်စုံမဟာဗျူဟာ

---

[1] မြန်မာနိုင်ငံရှိ လူတစ်ဦးချင်း၏ ဝင်ငွေ ပျမ်းမျှ ဂျီဒီပီ (ဝယ်နိုင်မှု နှုန်းထား နှိုင်းယှဉ်ချက်--PPP အရ) တစ်နှစ်မှာ ဒေါ်လာ ၁,၃၀၀ မျှသာ ရှိပါသည်။ (IMF) ကမ္ဘောဒီးယား (ဒေါ်လာ ၂,၂၁၆) သို့မဟုတ် ဘင်္ဂလားဒေ့ရှ် (ဒေါ်လာ ၁, ၆၁၃) ထက် နည်းပါးပါသည်။ အစိုးရ အုပ်ချုပ်မှုစနစ် အမှတ်ပေးကိန်းဂဏန်းများ (governance score) မှာ ကမ္ဘာ့ဘဏ်၏ ၂၀၁၀ ခုနှစ်တွင် ဖော်ပြချက်အရ အမှတ် (၆၀၀) တွင် (၁၉) သာ ရှိပါသည်။ မြောက်ကိုရီးယားနိုင်ငံနှင့် နှိုင်းယှဉ် လျှင် တစ်ဝက်သာ ရှိပါသည်။ တရားဝင်တွေ့ဆုံ မေးမြန်းမှုများအရ ဆင်းရဲနွမ်းပါးသည့် လူဦးရေ အရေအတွက်ကို ရည်ရွယ်ချက်ရှိရှိ နှိမ့်ချထားကြောင်း သိရသည်။ တရားဝင်ဖော်ပြသည့် ဆင်းရဲနွမ်းပါးသူ အချိုး ၂၆% ထက်စာလျှင်၊ အမှန်တကယ်တွင် ၄၀% မှသည် ၅၀% တိုင် ရှိနေနိုင်ပါသည်။
[2] အသေးစိတ် အချက်အလက်များကို သိလိုပါက တရုတ်နိုင်ငံ၏ မြန်မာနိုင်ငံနှင့် ပတ်သက်၍ စီမံခန့်ခွဲမှုများတွင် မဟာဗျူဟာမြောက်လွဲချော်မှုများ "China's Strategic Misjudgment on Myanmar" by Yun SUN In the Journal of Current Southeast Asian Affairs (1/2012, pp. 73-96) ကို ကြည့်ပါ။ စိတ်ဝင်စားဖွယ် လေ့လာမှု ဖြစ်ပါသည်။

မြောက် မဟာမိတ်များအဖြစ် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်" ကို လက်မှတ်ရေးထိုးခဲ့သည်။ တစ်ပြိုင်နက်မှာပင် ကချင်ပြည်နယ်တွင်း၌ စစ်တပ်က စစ်ပွဲများကို ပြန်လည်စတင်လာခဲ့ပြီး တပ်ရင်း ၁၃၀ ကို ပို့လွှတ်ခဲ့သည်။[3] (၁၉၉၄ ခုနှစ်ကတည်းက အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရှိထားပြီး ဖြစ်သည်။) ယုံကြည်ရလောက်သည့် ဒေသခံ အစီရင်ခံစာများအရ ကျေးရွာပေါင်း ၆၀ ကျော် မီးရှို့ခံရပြီး၊ ရွာပေါင်း ရာကျော်မှာ နေရာများမှ ရွှေ့ပြောင်းရန် စေခိုင်းခံရသည်။ (လူဦးရေ ၁. ၅ သန်းအနက်) လူ ၇၀, ၀၀၀ ကျော်မှာ ပြည်တွင်း၌ ရွှေ့ပြောင်းထွက်ပြေးရသည့် ဒုက္ခသည်များ ဖြစ်လာခဲ့ကြရသည်။ အကြောင်းမှာ ရေအားလျှပ်စစ်စီမံကိန်းများ၊ မြန်မာ့ပင်လယ်ကမ်းခြေမှ ယူနန်ပြည်နယ်အထိ သွယ်တန်းမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း တလျှောက်နှင့် ပြည်နယ်တွင်းရှိ အချို့သော နယ်ခြားဒေသများတွင် ရှင်းလင်းပေးခဲ့ခြင်း ဖြစ်သည်။ (ပိုက်လိုင်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကချင်ပြည်နယ် အနီးမှ ဖြတ်သန်းသွားပြီး၊ ၎င်းနေရာသည် ကချင်များထိန်းချုပ်ထားရာ ဒေသဖြစ်သည်။) ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) အရာရှိများနှင့် တွေ့ဆုံမေးမြန်းမှုတွင် ကချင်ပြည်သူလူထုများသည် ကချင်တပ်မတော် (KIA) နှင့် ၎င်း၏ ခေါင်းဆောင်မှုထက်စာလျှင် ပို၍သဘောထား ပြင်းထန်ကြကြောင်း ပြောဆိုကြသည်။ [4] ၎င်းတို့စစ်တပ်တွင် ပုံမှန်ကချင်စစ်သား ၈,၀၀၀ ခန့်နှင့် လက်နက်ကိုင်ပြည်သူ့စစ် အဖွဲ့ဝင်များ သောင်းချီရှိနေကြသည်။ တိုက်ခိုက်မှုများ ရပ်ဆိုင်းစေရန် သမ္မတ၏ တိုက်ရိုက်အမိန့်ပေးမှုကို ငြင်းဆန်နေဟန်ရှိသည့်၊ မြန်မာ့တပ်မတော်က ဆွေးနွေးညှိနှိုင်းမှုများ မပြုလိုသမျှ ကာလပတ်လုံး၊ ပဋိပက္ခများ ရေရှည်ဆက်လက် ဖြစ်ပွားနေဖွယ်ရှိပါသည်။ ၎င်းစစ်ပွဲများကြောင့် ခွင့်ပြုထားသည့် နေရာဒေသများမှာပင်၊ တရုတ်တို့က ဆည်တည်ဆောက်မှုများ ရပ်ဆိုင်းခဲ့ကြရပါသည်။ စစ်ရေးအရ သိမ်းပိုက်ထားမှုနှင့် အကြမ်းဖက်ဖိနှိပ်မှုများ ဆက်လက်ဖြစ်ပေါ်နေသ၍ ဒေါသထွက်နေကြသည့် ပြည်သူများက တရုတ်အလုပ်သမားများကို ပစ်မှတ်ထားကြမည် ဖြစ်ပါသည်။ [5]

သဘာဝပတ်ဝန်းကျင် အခြေအနေများနှင့် ပတ်သက်၍ စိုးရိမ်မကင်းဖြစ်နေသည့် သမ္မတက၊ ဧရာဝတီမြစ်ဆုံရှိ ဆည်စီမံကိန်းကို ဆိုင်းငံ့ခဲ့သည့်အပေါ် အများက အံ့သြတကြီး ဖြစ်ခဲ့ကြရပါသည်။ မြစ်ဆုံဆည်စီမံကိန်းကို မြို့ပေါ်ရှိ ကချင်ပြည်သူ အနည်းငယ်မျှ သာမက၊ နိုင်ငံတစ်ဝှမ်း အနှံ့အပြားတွင် ရေပန်းစား ထောက်ခံမှု မရှိပါ။ ၎င်းဆည်ကို ယဥ်ကျေးမှုအရသော်လည်းကောင်း၊ သဘာဝပတ်ဂန်းကျင် ထိခိုက်နိုင်မှုအရသော်လည်းကောင်း အကဲဆတ်သည့်နေရာတွင် တည်ဆောက်ရန် လျာထားပြီး၊ မြေငလျင်ကြော ဇုန်နှင့်လည်း နီးကပ်နေပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှု သဘောတူညီချက်အရလည်း အခွင့်အရေး ချို့တဲ့နည်းပါးလှပါသည်။ မြန်မာနိုင်ငံအတွက်သော်လည်းကောင်း၊ ကချင်လူမျိုးများအတွက်သော်လည်းကောင်း အကျိုးအမြတ် အနည်းငယ်မျှသာ ရှိစေပါသည်။ မြစ်ဆုံဆည်သည် ကချင်ပြည်နယ်အတွင်း တည်ဆောက်ရန် လျာထားသည့် ဆည် (၇) ခုအနက်မှ တစ်ခုသာ ဖြစ်ပြီး၊ ယခင်အစိုးရလက်ထက်က သဘောတူညီခဲ့ခြင်း ဖြစ်ပါသည်။ တွေ့ဆုံမေးမြန်းခဲ့ရသည့် မြန်မာ့နိုင်ငံရေးခေါင်းဆောင်များက ပြောဆိုကြရာတွင် မည်သည့်တရုတ်၏ ရင်းနှီးမြှုပ်နှံမှု ဆည်ကိုမဆို ထောက်ခံရန် ရွေးချယ်တင်မြှောက်ခံရသည့် နိုင်ငံရေးခေါင်းဆောင်များအတွက် အန္တရာယ်များသည်ဟု ဆိုကြပါသည်။ အကြောင်းမှာ ၎င်းဆည်များကို ခေါင်းပုံဖြတ်မှုတစ်ခုအဖြစ် ရှုမြင်ထားကြသောကြောင့် ဖြစ်ပါသည်။ ခရိုနီ မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံသူများနှင့် (CPI)၊ (Southern Grid) ကုမ္ပဏီတို့ကို ဆည်တည်ဆောက်ရေး မိတ်ဖက်ပြုစေခြင်းကြောင့်လည်း အဆိုပြုထားသည့်ဆည်များအပေါ် လူကြိုက်နည်းကြခြင်း ဖြစ်ပါသည်။ အကယ်၍ ၎င်းဆည်များကို ဆက်လက်တည်

[3] မြန်မာ့တပ်မတော် တစ်ရင်းတစ်ခုတွင် စစ်သည် ၇၀၀- မှ ၈၀၀ ရှိနိုင်ပါသည်။ သို့သော်လည်း အစီရင်ခံစာများအရ  တပ်ရင်းအများစုမှာ စစ်သည် အင်အား ၂၀၀ ထက်လျော့နည်း၍ ရှိနေပါသည်။ တရားဝင်မဟုတ်သည့် ခန့်မှန်းချက်များအရ စစ်အသုံးစားရိတ်မှာ တစ်နိုင်ငံလုံး ရသုံးခန့်မှန်းခြေငွေစာရင်း၏ တစ်ဝက်နီးပါးမျှ ရှိနေပါသည်။ တရားဝင်ဖော်ပြချက်အရ လေးပုံတစ်ပုံခန့် ရှိနေပါသည်။

[4] မကြာသေးမီက ဆောင်ရွက်ခဲ့သည့် ရွေးကောက်ပွဲများတွင် ကချင်များကို ပါတီတည်ထောင်ခွင့် ခွင့်မပြုခဲ့ပါ။ ပြည်နယ်အစိုးရကိုလည်း လွတ်လပ်စွာ ရွေးချယ်တင်မြှောက်ခဲ့ခြင်း မဟုတ်ဘဲ၊ အပေါ်မှ ဖွဲ့စည်းပေးခဲ့ခြင်း ဖြစ်ပါသည်။ ပြည်နယ်ဝန်ကြီးချုပ်မှာ အငြိမ်းစားယူထားသည့် ဗိုလ်ချုပ်တစ်ဦးဖြစ်ပြီး၊ ဗဟိုအစိုးရမှ ခန့်အပ်ခဲ့ခြင်း ဖြစ်ပါသည်။

[5] ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် ဗုံးများစွာ တစ်ပြိုင်နက်ပေါက်ကွဲမှုကြောင့် တရုတ်အလုပ်သမား ၄ ဦးသေဆုံး၊ ၁၂ ဦး ဒဏ်ရာ ရရှိခဲ့ပါသည်။ တရုတ် နိုင်ငံတကာ စွမ်းအင်ကုမ္ပဏီ (CPI) က ကျန် လုပ်သား ၃၀၀ ကိုလည်း ဘေးကင်းလုံခြုံရာ ရွှေ့ပြောင်းခဲ့ရပါသည်။  (http://indiginous peoplesissues.com /index.php?option=com_content&view=article&id=4842;bombblasts-at-irrawaddy-myitsone-dam.prc)

ဆောက်မည်ဆိုပါက၊ ရပိုင်ခွင့်များကို ပြန်လည်ညှိနှိုင်းရေးဆွဲရန် လိုအပ်ပါလိမ့်မည်။ ထို့အပြင် ကချင်များ၏ သဘောတူညီမှု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အပါအဝင်၊ အကျယ်အပြန့်သော ညွန့်ပေါင်းနိုင်ငံရေးပါတီများ၏ ထောက်ခံမှုများလည်း လိုအပ်ပါလိမ့်မည်။

ယခုစာတန်းသည် ဖက်အသီးသီးက လက်ခံနိုင်မည့် ရပိုင်ခွင့်၊ သဘောတူညီချက်များကို ရှာဖွေကြည့်ရန် ကြိုးပမ်းထားခြင်းဖြစ်ပါသည်။ ယခုစာတန်းအနေဖြင့် မြန်မာအစိုးရ၊ သဘာဝ ပတ်ဝန်းကျင် အုပ်စုများ၊ အတိုက်အခံ အင်အားစုများ၊ ကချင်ခေါင်းဆောင်များ စသည်တို့နှင့် ဆွေးနွေးမှုများကို ထင်ဟပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။ မြန်မာ၊ သို့မဟုတ် မည်သည့်ကချင်တစ်ဦးကမျှ ယခုအဆိုပြု စဉ်းစားချက်များကို အတည်ပြုထားခြင်း မရှိသေးပါ။ သို့သော်လည်း မိမိတို့အနေဖြင့် ယခုအဆိုပြုချက် ဆွေးနွေးတင်ပြရန် မြန်မာအစိုးရထံမှ၊ KIO ကိုယ်စားလှယ်များထံမှ နှုတ်ဖြင့် ခွင့်ပြုချက် ရရှိထားပြီး ဖြစ်ပါသည်။

## လျှပ်စစ်နှင့် ပတ်သက်၍ နောက်ခံအကြောင်း

မည်သည့်ခေတ်သစ် စီးပွားရေးစနစ်တွင်မဆို လျှပ်စစ်ဆိုသည်မှာ အရေးကြီးသည့် သွင်းအားစုတစ်ခု ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ လူတစ်ဦးချင်း၏ လျှပ်စစ်အသုံးသည် အာရှတိုက်တွင် အနည်းဆုံးနိုင်ငံများတွင် အပါအဝင်ဖြစ်ပြီး၊ ၁၉၈၀ ခုနှစ်များမှစ၍ တစ်ဖြည်းဖြည်းချင်း တိုးတက်လာနေခဲ့ပါသည်။ လျှပ်စစ်ဆက်သွယ်ရရှိမှုနှုန်းမှာလည်း၊ လူဦးရေ၏ လေးပုံတစ်ပုံခန့်ပင်ရှိနေကာ၊ အလွန်နိမ့်ကျနေပါသည်။ ၁၉၈၇ ခုနှစ်တွင် လျှပ်စစ်အသုံးပြုမှု လူတစ်ဦးလျှင် တစ်နှစ် ၄၅ kWh မှ ၂၀၀၈ ခုနှစ်တွင် ၉၉ kWh သို့ တစ်နှစ်လျှင် တိုးတက်မှုနှုန်း ၃.၈% ဖြင့် တိုးတက်လာနေခဲ့ပါသည်။[6] သို့သော်လည်း ၂၀၀၈ ခုနှစ်မှစ၍ လျှပ်စစ်ထုတ်လုပ်မှုမှာ အလျှင်အမြန် တိုးတက်မြင့်မားလာခဲ့ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့ (CSO) က အောက်ဖော်ပြပါ အချက်အလက်များ တင်ပြထားခဲ့ပါသည်။

*ဇယား (၁)။ ၂၀၀၈-၂၀၁၁ ခုနှစ်အတွင်း မြန်မာနိုင်ငံ လျှပ်စစ်ထုတ်လုပ်မှု (ကီလိုဝပ်နာရီ သန်းပေါင်း) Million kWh*

| | ၂၀၀၈/၀၉ | ၂၀၀၉/၁၀ | ၂၀၁၀/၁၁ | ၂၀၁၁/၁၂ | နှစ်စဉ် တိုးတက်မှုနှုန်း |
|---|---|---|---|---|---|
| လျှပ်စစ်ထုတ်လုပ်မှု | ၆,၆၂၂ | ၆,၉၆၄ | ၈,၆၂၅ | ၉,၇၁၁ | ၁၃.၇% |

Data are from Table 9, p. 27 of Selected Monthly Economic Indicators, 6/2012.

ဤသို့ သုံးနှစ်အတွင်း ၄၇% သို့ ခုန်တက်သွားခဲ့ခြင်းမှာ တစ်နှစ်လျှင် ၁၄% နှင့် ညီမျှပြီး၊ ယခင် အတိတ်ကာလများထက် လွန်စွာ မြင့်မားနေပါသည်။ ဗဟိုစာရင်းအင်းဌာန (CSO) က ၂၀၁၀ ခုနှစ်မှစ၍ ချက်ချင်းထုတ်လွှတ်နိုင်မှုစွမ်းအား (installed capacity) တိုးတက်မှုကို ဆက်လက်ဖော်ပြခြင်း မရှိတော့ပါ။ သို့အတွက်ကြောင့် ရှိနေသည့်စနစ်အနေဖြင့် ပို၍တိုးတက်ကျယ်ပြန့်စွာ လုပ်ဆောင်နေရဖွယ် ရှိပါသည်။ သို့အတွက်ကြောင့် ပြဿနာများ ဖြစ်ပေါ်လာရပါသည်။ ဥပမာ အားဖြင့်- လျှပ်စစ်ထုတ်လုပ်သည့် အင်ဂျင်စက်များ ပျက်သွားမှုကြောင့် ရုတ်ချည်းမီးအားပြတ်တောက်မှုများ ဖြစ်ပေါ်လာရပါတော့သည်။ အမှန်ဆိုရလျှင် လျှပ်စစ်ထုတ်လုပ်မှု တိုးတက်လာခဲ့သည် ဆိုသော်လည်း၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြီးခဲ့သည့်နှစ်အတွင်း မီးအားပြတ်တောက်မှုများ ပို၍များပြားစွာ ဖြစ်ပေါ်ခဲ့ပါသည်။ မိုးရာသီအတွင်း၌ပင် ဤသို့ဖြစ်ပေါ်ခဲ့ပါသည်။ (ရေအားမှဆိုလျှင် ဤအချိန်တွင် လျှပ်စစ်ပိုမို ထုတ်လုပ်နိုင်ပါသည်။) အကယ်၍ ခရီးသွားလုပ်ငန်းများတိုးတက်လာ

[6] ယခု ဒေတာ အချက်အလက်များတွင် ဒီဇယ် နှင့် စပါးခွံမှ ရရှိသည့် ဓာတ်ငွေ့သုံး အင်ဂျင်များမှ လျှပ်စစ်ထုတ်လုပ်မှုများကို ဖယ်ချန်ထားခဲ့ပါသည်။ ၎င်းအင်ဂျင်စက်များမှ ရရှိသည့် စုစုပေါင်းလျှပ်စစ်ထုတ်လုပ်မှုသည် အစီရင်ခံချက်များအရ ၁၀% ထက် ကျော်လွန်ဖွယ် မရှိပါ။

DRAFT

ပါလျှင်၊ နိုင်ငံခြားပို့ကုန် လုပ်ငန်းများ၊ အထွေထွေ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်ဆိုပါလျှင် လျှပ်စစ်ဓာတ်အား တောင်းဆိုမှု ဆက်၍ မြင့်မားလာမည် ဖြစ်ပါသည်။ ၂၀၁၁/၁၂ ထုတ်လုပ်မှုနှင့် ဆိုလျှင်ပင်၊ မြန်မာနိုင်ငံရှိ လျှပ်စစ်အသုံးပြုမှုမှာ လူတစ်ဦးလျှင် ၁၅၀ ကီလိုဝပ်နာရီ (kWh) မျှသာ ရှိပါသေးသည်။ နှိုင်းယှဉ်မည်ဆိုလျှင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ၂၀၀၉ ခုနှစ် အသုံးပြုမှုမှာ လူတစ်ဦးလျှင် လျှပ်စစ် ၂၅၀ kWh ရှိပြီး၊ အင်ဒိုနီးရှားနိုင်ငံတွင်မူ ၆၀၀ နီးပါး ရှိပါသည်။ ဗီယက်နမ်နိုင်ငံတွင် ၂၀၁၁ ခုနှစ်၌ လူတစ်ဦးလျှင် ၁,၀၀၀ kWh ရှိပါသည်။ မြန်မာနိုင်ငံ လျှပ်စစ်စွမ်းအင်- ၂ ဝန်ကြီးဌာန၏ မကြာသေးမီက တင်ပြမှုတစ်ခုအရ **ထောက်ပံ့ပေးနိုင်မှုမှာ ခန့်မှန်း လိုအပ်ချက်၏ တစ်ဝက်မျှသာ ရှိသည်ဟု ဆိုပါသည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံလူဦးရေ၏ လေးပုံတစ်ပုံကိုသာ လျှပ်စစ်မီး ပေးနိုင်ပါသေးသည်။** *လက်ရှိလိုအပ်ချက်များနှင့် တောင်းဆိုမှုမြင့်မားလာခြင်းကြောင့် လျှပ်စစ်မီး ပြတ်တောက်မှုများကို လျှော့နည်းသက်သာစေရန် ရင်းနှီးမြှုပ်နှံမှုများအတွက် ယခုတိုင်အစီအစဉ်များ မရှိသေးပါ။*

အထူးသဖြင့်၊ လျာထားသည့် ရင်းနှီးမြှုပ်နှံမှုများတွင် ရေအားလျှပ်စစ်ကဏ္ဍ၌ လာမည့် ၅-နှစ်တာတွင် ၆၁၇ မဂ္ဂါဝပ် (MW) မျှသာ ရှိပါသေးသည်။ လက်ရှိထုတ်လုပ်နိုင်စွမ်း ၃၄၁၃ မဂ္ဂါဝပ်တွင် တစ်နှစ်လျှင် တိုးတက်မှုနှုန်း ၄% မျှသာ ရှိနေပါသည်။ လျှပ်စစ်တောင်းဆိုမှုဘက်တွင်မူ တိုးတက်မှုနှုန်းမှာ၊ အကယ်၍ လျှပ်စစ်သာ ဆက်သွယ်ပေးနိုင်မည်ဆိုပါက၊ လူအများက ငွေပေးဝယ်ယူရန် လိုအပ်နေမှုမှာ ယခုနှုန်းထား၏ ၃ ဆမျှ ရှိနေပါသည်။ ၁၂-မှ ၁၅% သော နှစ်စဉ် ဝယ်လိုအားမြင့်တက်လာမှုနှုန်းကို ဂျီဒီပီနှင့်သာ တွက်ချက်ဖော်ပြခြင်းမှာ၊ လက်ရှိ လျှပ်စစ်အသုံးပြုနေသူများ ကြုံတွေ့နေရသည့် မီးအားပြတ်တောက်မှုများကို လျစ်လျူရှုထားသလို ဖြစ်နေပါသည်။ ထို့အပြင်၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိ ဂျီဒီပီတိုးတက်မှုနှုန်း တစ်နှစ်လျှင် ၆-၇% ဖြစ်လာမည့်အပေါ် လုံလောက်သည့် လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးရန်အတွက်လည်း အစီအစဉ်များ ပြင်ဆင်ထားမှု မရှိပါ။

## အလားအလာနှင့် အစီအစဉ်များ

လျှပ်စစ်ထောက်ပံ့ပေးရန် ဖြစ်နိုင်ခြေရှိသော ရင်းမြစ် ၂ ခု ရှိပါသည်။ ၎င်းတို့မှာ ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့မှ ထုတ်လုပ်သည့် လျှပ်စစ်တို့ ဖြစ်ပါသည်။ ယခုအခါ သဘာဝဓာတ်ငွေ့ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရန်သာ အဓိက အသုံးပြုနေပြီး၊ နောက်ပိုင်းတွင် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည် ဖြစ်သည်။ သို့သော်လည်း နောက်ပိုင်းတွင် သဘာဝဓာတ်ငွေ့များ နောက်ထပ်ပို၍ ရရှိနိုင်ပြီး၊ ၂၀၁၇ ခုနှစ်တွင် ၆၀၀၀ ကီလိုဝပ်နာရီ (ဘီလီယံ) အထိ ထောက်ပံ့ပေးနိုင်ဖွယ်ရှိပါသည်။[7] ၎င်းသဘာဝဓာတ်ငွေ့မှ ရရှိသည့် လျှပ်စစ်ဖြင့် မြန်မာနိုင်ငံ တောင်ပိုင်းဒေသသို့ လျှပ်စစ်ထောက်ပံ့ပေးနိုင်ဖွယ်ရှိပါသည်။ မြောက်ပိုင်းရှိ ရေအားလျှပ်စစ်မှနေ၍ ထောက်ပံ့ပေးရလျှင် ပို့ဆောင်ရေးစားရိတ် ပိုမိုကုန်ကျဖွယ် အကြောင်း ရှိပါသည်။ အကယ်၍ သဘာဝဓာတ်ငွေ့ဈေးနှုန်းသည် BTU တစ်သန်းတွင် အမေရိကန် ၁၀ ဒေါ်လာဆိုပါက[8]၊ သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ထုတ်ရန် စုစုပေါင်းကုန်ကျစားရိတ်မှာ တစ်ကီလိုဝပ်နာရီ (kWh) တွင် ၈ ဆင့် (8 cents) မျှ ကျသင့်နိုင်သည်။ (ကျောက်မီးသွေးကို တင်သွင်းလုပ်ထုတ်ပါကလည်း ဤမျှကုန်ကျမည်ပင် ဖြစ်သည်။ မြန်မာနိုင်ငံတွင် အပူပေးနိုင်သည့် ကျောက်မီးသွေး (thermal coal) ထောက်ပံ့ပေးနိုင်သည့် ပမာဏမှာ အကန့်အသတ် ရှိပါသည်။ မြန်မာနိုင်ငံတောင်ပိုင်း၊

---

[7] www.elevenmyanmar.com/national/479-gas-for-domestic-use-to-be-available-by-2016-2017

[8] အရည်အဖြစ်ပြောင်းထဲသည့် ဓာတ်ငွေ့ liquefied gas (LNG) အတွက် အာရှတိုက်တွင် လက်ငင်းဈေးနှုန်းမှာ BTU တစ်သန်းလျှင် ၁၅ ဒေါ်လာ ရှိပါသည်။ ဤဈေးနှုန်းမှာ ဂျပန်နိုင်ငံရှိ အဏုမြူဓာတ်အားပေးစက်ရုံများ ပိတ်ပစ်ခဲ့ရသည့်အပေါ်တွင်လည်း ထင်ဟပ်နေပါသည်။ သို့သော်လည်း ဥရောပ နှင့် အမေရိကန်တွင် ပိုက်ဖြင့်သွယ်တန်းပို့သည့် သဘာဝဓာတ်ငွေ့ ဈေးနှုန်းမှာ ပို၍ နည်းပါးပြီး၊ အချို့သော အမေရိကန်ပြည်ထောင်စုရှိ ပြည်ပပို့ကုန်လုပ်ငန်းများမှာ ဈေးချိုသည့် အမေရိကန်ဓာတ်ငွေ့ကို အခွင့်ကောင်းယူကြပါသည်။ (ယခုအခါ တစ် BTU သန်းလျှင် ၃ ဒေါ်လာမျှသာ ရှိပါသည်။) ဤသို့ဆက်၍ ဖြစ်နေဖွယ်ရှိပြီး၊ လာမည့်နှစ်များ အနည်းငယ်တွင် အာရှတိုက်ရှိ ဓာတ်ငွေ့ဈေးနှုန်းကို ကျဆင်းသွားဖွယ် ရှိပါသည်။ ၁၀ ဒေါ်လာဆိုသည်မှာ ခန့်မှန်းဖော်ပြမှုဖြစ်ပြီး၊ ကမ်းလွန်သဘာဝဓာတ်ငွေ့များ ထုတ်လုပ်ရန် လုံလောက်စွာ စည်းရုံးဆွဲဆောင်နိုင်စေမည့် ပမာဏ ဖြစ်ပါသည်။

ထိုင်းနိုင်ငံအနီးတွင် အငြင်းပွားဖွယ် ကျောက်မီးသွေးဖြင့် ဓာတ်အားပေးစက်ရုံကို အတည်ပြုခဲ့သော်လည်း၊ နောက်ပိုင်းတွင် ကြန့်ကြာနေပါသည်။)

မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် အလားအလာ ၄၀,၀၀၀ မဂ္ဂါဝပ် ရှိနေပြီး၊ ၂, ၅၆၀ မဂ္ဂါဝပ်မျှကိုသာ ထုတ်လုပ်နေပါသေးသည်။ လျှပ်စစ်ရောင်းချမှု လက်လီဈေးနှုန်းမှာ တစ်ကီလိုဝပ်နာရီ (kWh) တွင် ၆ ဆင့်မျှသာဖြစ်သောကြောင့်၊ လက်ရှိ ပို့လွှတ်မှုအစီအစဉ်များသည် ရေအားလျှပ်စစ်အပေါ်တွင်သာ အခြေခံမှီခိုနေရပါသည်။ သို့ပါသော်လည်း နွေရာသီတွင် ဆည်အများစုမှ ထုတ်လုပ်နိုင်မှုမှာ သိသိသာသာ ကျဆင်းသွားရပါသည်။ သို့အတွက်ကြောင့် ဒီဇယ်မီးစက်များမှ ပံ့ပိုးမှုလိုအပ်ပြီး၊ တစ်နစ်လျှင် သုံးလတိုင် အသုံးချနေကြရပါသည်။ သို့ဖြစ်ရာ လုံလောက်သည့်လျှပ်စစ်ရနိုင်ရန် စုစုပေါင်းကုန်ကျစားရိတ်သည်လည်း ရေအားလျှပ်စစ်မှ ကျသင့်ငွေတန်ဖိုးထက် မြင့်တက်လာပါသည်။ မြန်မာနိုင်ငံတွင် ဒီဇယ်အင်ဂျင်မှ လျှပ်စစ်ထုတ်လုပ်မှုမှာ တစ်ကီလိုဝပ်နာရီ (kWh) တွင် ၃၀ ဆင့်မျှ ကျသင့်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ရေအားလျှပ်စစ်ကို ပို၍ ဦးစားပေးအသုံးပြုသင့်ပါသည်။ အကြောင်းမှာ တစ်ခါတည်ဆောက်ပြီးလျှင် အခမဲ့နှုန်းထားနီးပါး ထုတ်လုပ်နိုင်ပြီး၊ လျှပ်စစ်ကုမ္ပဏီအတွက်လည်း ကုမ္ပဏီအရှုံးပေါ်၍ ဖျက်သိမ်းစရာ မလိုသောကြောင့် ဖြစ်ပါသည်။ အတိုချုပ်ဖော်ပြရလျှင် လက်ရှိမဟာဗျူဟာမှာ အဓိကရင်းမြစ်တစ်ခုတည်းပေါ်တွင် ရပ်တည်နေသကဲ့သို့ ဖြစ်နေပြီး၊ ရေခမ်းခြောက်မှုဖြစ်လျှင် နစ်နာနိုင်ခြေ ရှိနေပါသည်။ ကျသင့်ထားငွေမှာလည်း လုံလောက်အားထားရသည့် လျှပ်စစ်ထုတ်လုပ်မှု ကုန်ကျစားရိတ်ထက် နည်းနေပါသည်။ တစ်ကီလိုဝပ်နာရီတွင် ၁၀ ဆင့်သာ ရှိပါသည်။ ဤသို့ဆိုလျှင်ဖြင့် မြင့်တက်လာမည့်လျှပ်စစ်ဝယ်လိုအားအတွက် လုံးဝလုံလောက်မည် မဟုတ်ပေ။

DRAFT

## ကချင်ပြည်နယ်ရှိ တရုပ်၏ ရေအားလျှပ်စစ်စီမံကိန်းများ

မြစ်ဆုံဆည် အပါအဝင် ကချင်ပြည်နယ်အတွင်းရှိ အခြားဆည် ၆ ခုမှ လျှပ်စစ်ဓာတ်အား ၁၀,၀၀၀ မဂ္ဂါဝပ်ကျော် ထုတ်လုပ်ပေးနိုင်ပါလိမ့်မည်။ သို့သော်လည်း ထွက်ရှိလာသောလျှပ်စစ်၏ ၉၀% က တရုတ်နိုင်ငံသို့ တင်ပို့မည်ဖြစ်ပြီး၊ အမြတ်ငွေပေါ်မှ အခွန်ကိုလည်း လျှော့နည်းအောင် လုပ်နိုင်ပါသေးသည်။ ထွက်လာသည့်လျှပ်စစ်ကို ကြားခံကုမ္ပဏီများသို့ ဈေးချိုချိုဖြင့် ရောင်းချ၍ ၎င်းတို့က ယူနန်ပြည်နယ်သို့ လက္ကားဈေးနှုန်းအဖြစ် ၇. ၅ ဆင့် (သို့မဟုတ်) .၄၉ ယွမ်နှုန်းဖြင့် ရောင်းချခြင်းမျိုးဖြစ်ပါသည်။ သို့အတွက်ကြောင့် ဤနေရာကို ထောက်ပံ့ပေးလိုက်ရခြင်းအတွက် နိုင်ငံမှ ပြန်လည်ရရှိမည့်အကျိုးမှာ ထွက်ရှိမှု၏ ၁၀% ထက်စာလျှင် အနည်းငယ်မျှသာ ပို၍ ရရှိမည် ဖြစ်ပါသည်။ လူများ ရွှေ့ပြောင်းအခြေချရမှုနှင့် မြစ်အကြောတွင် ထိခိုက်ပျက်စီးမှုများကို ထည့်သွင်းစဉ်းစားပါက၊ မြန်မာနိုင်ငံသား အများစုနှင့် ကချင်လူမျိုးများ အမြင်တွင် မလုံလောက်ဟုမြင်ကြပေလိမ့်မည်။ ထို့အပြင် ယခုသဘောတူညီချက်ကို လူနည်းစုကလေးနှင့် သီးသန့်ညှိနှိုင်းခဲ့ကြပါသည်။ ပြင်ပမှပုဂ္ဂိုလ်များ၏ လေးနက်သည့် စိစစ်သုံးသပ်မှုများလည်း မရှိခဲ့ပါ။ [9]

မြစ်ဆုံဆည် စီမံကိန်းကို ဖျက်သိမ်းရဖွယ် ရှိပါသည်။ အကြောင်းမှာ အလွန်အကဲဆတ်ခြင်းနှင့် လူအများက ဆန့်ကျင်နေကြခြင်းကြောင့် ဖြစ်ပါသည်။ အခြားသောဆည်များမှာ သိပ်ပြီး အထိခိုက်လွယ်၊ အကဲဆတ်ခြင်း မရှိသော်လည်း ဆန့်ကျင်နေကြဆဲ ဖြစ်ပါသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံ ရေအားလျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုခြင်းမှာ သဘာဝကျပါသည်။ အကြောင်းမှာ နှိုင်းယှဉ်ချက်အရ ဈေးချိုခြင်း၊ သန့်စင်သည့် စွမ်းအင်ဖြစ်ခြင်း၊ ထုတ်ယူရရှိလွယ်သည့် အရင်းအမြစ်ဖြစ်နေသောကြောင့် ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံတွင် မကြာခဏ မီးပျက်နေချိန်၌ လျှပ်စစ်စွမ်းအင်ကို နိုင်ငံခြားသို့ တင်

[9] မသတီစရာ ကြွေးမြီ (odious debt) ဟုခေါ်ဆိုနိုင်သည့် သဘောတရား တစ်ခုရှိပါသည်။ ဆိုလိုသည်မှာ အလွန်အမင်း အကျင့်ပျက်ခြစားသည့် အစိုးရတစ်ရပ်နှင့်စာချုပ်ချုပ်ဆို သဘောတူညီခဲ့ပြီး၊ ၎င်းအစိုးရအကြွေးကို ပုဂ္ဂလိကကဏ္ဍသို့ လက်လွှဲပြောင်းပေးအပ်မည် ပြုသည့်အခါ ငြင်းပယ်ခြင်းမျိုး ဖြစ်သည်။ ၎င်းနှင့် သဘောတရားချင်းတူသည့် ကိစ္စမှာ မသတီစရာ သဘောတူညီချက် စာချုပ်များ (odious contracts) ဖြစ်ပြီး၊ စွမ်းဆောင်နိုင်မှု မရှိသည့် ပြည်သူ့ကိုယ်စားပြုမှု မရှိသည့် အစိုးရများက သဘာဝ သယံဇာတများကို အလွန်ဈေးချောင်ချောင်ဖြင့် ပေးပစ်ခဲ့ခြင်းမျိုး ဖြစ်သည်။

ပို့ရောင်းချမည်ဆိုသောကြောင့် နိုင်ငံသားအများကြားတွင် အပြင်းအထန် မကျေနပ်မှု ရှိနေပါသည်။ လျှပ်စစ်ဓာတ်အားမလုံလောက်မှုကြောင့် ကျေးရွာအများလည်း ပင်မကောင်းကင်ကြိုးလိုင်းနှင့် သွယ်တန်းချိတ်ဆက်နိုင်ခြင်း မရှိသေးပါ။

ဤဆည်များနှင့် ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံက ပြန်၍ကယ်ဆယ်လိုပါက၊[10] မြန်မာနိုင်ငံနှင့် ရင့်ကျက်တည်ငြိမ်သော၊ ခေါင်းပုံဖြတ် အမြတ်ထုတ်မှုနည်းပါးသော ဆက်ဆံရေးကို တည်ဆောက်လိုပါက၊ တစ်ဘက်သတ်ကျသည့် ယခင်သဘောတူညီချက်ကို ပြန်လည် ညှိနှိုင်းဆွေးနွေးရပါလိမ့်မည်။ ကချင်များကိုလည်း ပါဝင်ပတ်သက်ခွင့်ပေးရန်လိုအပ်ပြီး၊ သို့မဟုတ်ပါက သူတို့က မတည်ငြိမ်မှုကို ဖန်တီးကြပေလိမ့်မည်။ ဆိုလိုသည်မှာ တရုတ်နိုင်ငံက ယခုအခါ တစ်ဆို့နေသည့် ကချင်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အပြုသဘော အခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ရန် အကြောင်းရှိပါသည်။ သူတို့က မြန်မာနိုင်ငံ ဗဟိုအစိုးရ၊ NLD တို့နှင့်သာ[11] ဆက်၍ အလုပ်လုပ်လိုပါက ဤသို့ချည်းကပ်ဆောင်ရွက်နေပုံမှာ လုံလောက်သည်ဟု မဆိုနိုင်ပါ။ (တရုတ်ရင်းနှီးမြှုပ်နှံသူများ အပါအဝင်) လူတိုင်းအတွက် တစ်စုံတရာ ရရှိစေမည့် စစ်မှန်သောသဘောတူညီချက်ဖြစ်မှသာ ငြိမ်းချမ်းသည့်၊ မျှဝေခံစားမှုရှိသည့် ရေအားလျှပ်စစ် ရင်းနှီးမြှုပ်နှံမှုများ အကောင်အထည်ပေါ်လာဖွယ်ရှိနေပါသည်။

အောက်ဖော်ပြပါ အဆိုပြုချက်သည် မြန်မာနိုင်ငံရေးသမားများက ထောက်ခံနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်အသစ်ခွင့်ပြုရေးအတွက် အခြေအနေများကို ပေါ်ထွန်းလာစေရန် ကြိုးပမ်းရှာဖွေကြည့်ခြင်း ဖြစ်ပါသည်။ ဆည် ၇-ခုအနက်မှ အချို့ကို ကချင်များက သဘောတူညီလာစေမည် ဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီအနေဖြင့်လည်း လုပ်ငန်းများအဆုံးသတ်၍ အကျိုးအမြတ်များများ ရရှိလာစေရန် ရည်ရွယ်ပါသည်။

## ဖြစ်နိုင်ခြေရှိသည့် စာချုပ်သစ်အတွက် အခြေခံအချက်များ (မူကြမ်း)

DRAFT

ဤနေရာတွင် တရုတ်-ကချင်ရေအားလျှပ်စစ် ကုမ္ပဏီ (Sino-Kachin Hydropower Company) ဟုခေါ်သည့် ကုမ္ပဏီအသစ်တစ်ခု ပေါ်ပေါက်လာနိုင်ပါသည်။ ၎င်းက ကချင်ပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းအချို့ကို ရင်းနှီးမြှုပ်နှံ၊ စီမံခန့်ခွဲကြမည် ဖြစ်ပြီး၊ ၂၅-နှစ်အကြာ တည်ဆောက်-လည်ပတ်-လွှဲပြောင်း (BOT) ပုံစံဖြင့် လုပ်ကိုင်ဆောင်ရွက်စေမည် ဖြစ်သည်။ အီကွိတီရှယ်ယာ ပိုင်ဆိုင်မှုမှာ စုစုပေါင်းကုန်ကျစားရိတ်၏ ၃၀% ရှိမည် ဖြစ်ပြီး၊ ၎င်းတွင် ကချင်ပြည်နယ်ထံမှ၊ သို့မဟုတ် လျှပ်စစ်ကုမ္ပဏီထံမှ၊ သို့မဟုတ် မြန်မာလျှပ်စစ်ကုမ္ပဏီထံမှ အနည်းငယ်အချိုးရှိသော အီကွိတီအစုရှယ်ယာများကို လက်ခံမည် ဖြစ်သည်။ အုပ်စုတိုင်းက ဒါရိုက်တာဘုတ်အဖွဲ့တွင် ကိုယ်စားပြုပါဝင်ကြမည် ဖြစ်သည်။ အဓိကရင်းနှီးမြှုပ်နှံမှုနှင့် ချုပ်ကိုင်မှုမှာ CPI (တရုတ်စွမ်းအင် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှင့် ၎င်းလက်ခွဲများ၊ တရုတ် နိုင်ငံတကာစွမ်းအင် China Power International) နှင့် တရုတ်နိုင်ငံတောင်ပိုင်း ကောင်းကင်ကြိုးကွန်ရက် (China Southern Power Grid) တို့တွင် တည်မည် ဖြစ်သည်။ အနည်းငယ်သော အီကွိတီရှယ်ယာကို နိုင်ငံစုံအဖွဲ့အစည်းတစ်ခုခုသို့ ပါဝင်ခွင့်ပေးလျှင်လည်း ဖြစ်နိုင်ပါသေးသည်။ ဥပမာ- နိုင်ငံစုံ၊ သို့မဟုတ် နှစ်နှစ်နိုင်ချင်း အကူအညီပေးရေး ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းမျိုး ဖြစ်သည်။

ကုမ္ပဏီအနေဖြင့် ထွက်ရှိလာသမျှ လျှပ်စစ်အားလုံးကို ယူနန်ပြည်နယ်တွင် လက်ကားရောင်းချနေသည့် လျှပ်စစ်ဈေးနှုန်းထက် အနည်းငယ် နည်းသည့်ဈေးနှုန်းဖြင့် ရောင်းချမည် ဖြစ်သည်။ လက်ရှိတွင် တစ်ကီလိုဝပ်နာရီကို ၇. ၅ ဆင့် (7.5

[10] မြန်မာနိုင်ငံရှိ ပြည်သူများက ပြန်၍ ညှိနှိုင်းဆွေးနွေးမှုများ ဖြစ်သည့်အခါ အံ့သြ၍ "မည်သူများက လာဘ်ပေးခဲ့၍ ဤသို့ဖြစ်လာသနည်း" ဟု မေးမြန်းစောကြောနိုင်ပါသည်။ ယခင် စစ်အစိုးရလက်ထက်တွင် သယံဇာတထုတ်ယူရေးကဏ္ဍတွင် မည်သည့် ရင်းနှီးမြှုပ်နှံမှုမဆို၊ တစ်စုံတရာ ပေးဆောင်ခဲ့ရသည်များ ရှိနေရာ၊ ဤသို့ ဖြစ်ရသည့်အပေါ်တွင်လည်း နားလည်နိုင်ပါသည်။
[11] စီးပွားရေး အစီအစဉ်ပေါင်းကို ကယ်တင်နိုင်ရန် ကြိုးပမ်းမှုအနေဖြင့် မြန်မာနိုင်ငံ အတွင်း၊ အပြင်ရှိ အမျိုးမျိုးသော အုပ်စုများကို ဆက်သွယ်စည်းရုံးကာ၊ မြန်မာနိုင်ငံသို့ အတိုးမဲ့ချေးငွေ အမြောက်အများကိုလည်း ချေးငှားကူညီခဲ့သည်ဟု ဆိုပါသည်။

cents) ဖြင့် ရောင်းချနေသည်။ *လျှပ်စစ်ကို အခမဲ့မည်သို့မျှ ထောက်ပံ့မပေးနိုင်ပါ။* သို့သော်လည်း ၎င်းကုမ္ပဏီကို ၁၅ နှစ်တိုင် အမြတ်ခွန်ကင်းလွတ်ခွင့် ပေးမည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာအစိုးရထံသို့ တစ်ကီလိုဝပ်နာရီကို အနိမ့်ဆုံး ၁.၅ ဆင့် (1.5 cents per kWh) သို့မဟုတ် ရောင်းချမှု၏ ၂၅% စသည်ဖြင့် ပိုမိုရရှိနိုင်သည့်အတိုင်းအတာကို ပေးမည် ဖြစ်သည်။ မြန်မာအစိုးရက ရောင်းချသည့်ဝင်ငွေမှ ရရှိသည့်အခွန်များကို အောက်ဖော်ပြပါ နည်းလမ်း (ဖော်မြူလာ) အတိုင်း ခွဲဝေမည် ဖြစ်သည်။ ရေအားလျှပ်စစ်စက်ရုံ တည်ရှိနေသည့် ပြည်နယ်သို့ သုံးပုံတစ်ပုံ ပေးမည်။ ကျန် သုံးပုံတစ်ပုံဝင်ငွေကို ကျန်ပြည်နယ်များတွင် အခြေခံ အဆောက်အဦများအတွက် ရင်းနှီးမြှုပ်နှံရန် ပေးမည်။ ကျန်သုံးပုံတစ်ပုံ ဝင်ငွေကို ဗဟိုအစိုးရက ယူမည် ဖြစ်သည်။ ပြည်နယ်များအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေသဆိုင်ရာ ဦးစားပေးအစီအစဉ်များအရ ရရှိ-သုံးစွဲစေရန် ခွင့်ပြုမည် ဖြစ်သည်။ ဤအနေအထားတွင် ပြည်နယ်များ၌ လက်ရှိအနေအထားထက် ကိုယ်ပိုင် အုပ်ချုပ် စီမံခွင့်ရရှိရန် ပို၍ လိုအပ်မည် ဖြစ်သည်။

ထို့အပြင် မြန်မာလျှပ်စစ်ကုမ္ပဏီက ယူနန်ပြည်နယ်တွင် လျှပ်စစ်လက်ကားရောင်းချနေသည့် ဈေးနှုန်းဖြင့် တစ်နှစ်လျှင် ထုတ်လုပ်လိုက်သည့် လျှပ်စစ်စွမ်းအင်၏ ၃၀% ဝယ်ယူခွင့် အခွင့်အရေး ရရှိမည် ဖြစ်သည်။ (မဖြစ်မနေဝယ်ယူရမည့် ဝတ္တရားမဟုတ်ပါ။) ဒီဇင်ဘာ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့ကြား ခြောက်သွေ့ရာသီတွင် ထုတ်လုပ်သည့်လျှပ်စစ်၏ ၅၀% တိုင် ဝယ်ယူခွင့်ရှိမည် ဖြစ်သည်။ (ခြောက်သွေ့ရာသီတွင် ဝယ်ယူမှုသည် စုစုပေါင်းကန့်သတ်ချက်အပေါ် မူတည်တွက်ချက်ခြင်း ဖြစ်သည်။) *ဤသို့ဝယ်ယူမှု ဖြစ်လာမည့်အရေးကြောင့် အမြတ်အစွန်းရရှိရန် လျှပ်စစ်ပျမ်းမျှဈေးနှုန်းကို မြှင့်တင်ရန် လိုအပ်ကောင်း လိုအပ်လာနိုင်ပါသည်။* သို့သော်လည်း အသုံးနည်းသူများအတွက် အစိုးရက ဖြည့်ဆည်းထောက်ပံ့ပေးမှုမျိုးလည်း ရှိနိုင်သည်။ လက်ရှိမြို့ပြတွင် စီးပွားဖြစ်ဝယ်ယူရသည့် လျှပ်စစ်ဈေးနှုန်းမှာ တစ်ကီလိုဝပ်နာရီလျှင် ၈ ဆင့်မှ ၁၂ ဆင့်ကြား ရှိနေပါသည်။ အကယ်၍နှုန်းထားကို တစ်ကီလိုဝပ်နာရီလျှင် ၁၀ ဆင့်မျှထားပါက၊ အမြတ်အစွန်း ကျန်နိုင်ပြီး၊ သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ထုတ်လုပ်ရန်ပင် ဖြစ်နိုင်ပါသေးသည်။

အသစ်ထပ်မံချုပ်ဆိုမည့် စာချုပ်တွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဆည်များကြောင့် ဖြစ်ပေါ်လာစေမည့် သဘာဝဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထိခိုက်နစ်နာမှုများကို လေးနက်သည့်၊ သီးခြားလွတ်လပ်သည့် လေ့လာဆန်းစစ်မှုများကိုလည်း ခွင့်ပြုမည် ဖြစ်သည်။ မြစ်ဆုံအပြင် အချို့သောနေရာများ၌ တန်ဖိုးမြင့်မားစွာ ပေး၍ လုပ်ဆောင်ရမည်ဆိုပါက၊ ဆက်၍မတည်ဆောက်တော့ခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ နမ့်ထွမ်း-၂ ဆည်၏ အတွေ့အကြုံသည် ဤသို့သောဆုံးဖြတ်ချက်ချမှတ်မှုလုပ်ငန်းများတွင် အုပ်စုအများအပြား ပါဝင်စေသည့် သာဓကပင် ဖြစ်ပါသည်။ ဤနေရာတွင် ကမ္ဘာ့ဘဏ် နှင့်/ သို့မဟုတ် အေဒီဘီ (အာရှဖွံ့ဖြိုးရေးဘဏ်) မှ နည်းပညာပိုင်းဆိုင်ရာ အကြံဉာဏ်များလည်း ရယူနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ သဘာဝဝန်းကျင် ထိခိုက်မှု၊ တန်ဖိုးပေးဆပ်ရမှုများ ရှိနိုင်သော်လည်း၊ အကျိုးအမြတ် ပိုရှိမည်ဆိုလျှင် ဆုံးဖြတ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ *ရွေးချယ်တင်မြှောက်ခံရသည့် (ခန့်အပ်ထားခြင်း မဟုတ်သည့်) ကချင်ပြည်နယ်အစိုးရက၊ ဗဟိုအစိုးရနှင့်အတူ ဆည်တည်ဆောက်ရေးအတွက် လိုင်စင်ချထားပေးနိုင်ပါသည်။*

## ပုံစံအဖြစ် ဖော်ပြလိုသည့် နမူနာ အချက်အလက်များ (Fro Forma Illustrative Data)

တည်ဆောက်-လည်ပတ်-လွှဲပြောင်း (Build-Operate-Transfer) စနစ်ဖြင့် ၂၅-နှစ်တာ လုပ်ဆောင်မည့်စီမံကိန်း

| | |
|---|---|
| အဓိက အင်အားစုများ | China Power International နှင့် Southern Grid ကုမ္ပဏီများ |
| အငယ်စား အင်အားစုများ | မြန်မာလျှပ်စစ်ကုမ္ပဏီနှင့် ကချင်ပြည်နယ်၊ သို့မဟုတ် လျှပ်စစ်ကုမ္ပဏီ |
| 6000 MW အတွက်ရန်ပုံငွေ ထည့်ဝင်ခြင်း | အတိုး ၅% နှင့် ဒေါ်လာသန်း ၆၀၀၀ အကြွေး (ဤအတိုးနှုန်းမှာ တရုတ်ကုမ္ပဏီများ အတွက် ဘွန်းစာချုပ်အတိုးနှုန်း ဖြစ်သည်။) တရုတ်အကြွေးအားလုံး ဖြစ်သည်။ အီကွိတီအစုအဖြစ် ဒေါ်လာသန်း ၂၀၀၀- ၃၀၀၀ (၁၅ နှစ်တိုင်တိုင် အမြတ်ခွန်ကင်းလွတ် ခွင့်ရမည်။) |
| ပြီးစီးပါက ထုတ်လုပ်နိုင်စွမ်း | တစ်နှစ်လျှင် ၂၅ ဘီလီယံ ကီလိုဝပ်နာရီ (kWh) |
| တစ် kWh အတွက်စျေးနှုန်း | ၇ ဆင့် (7 cents) (လက်ရှိယူနန်ပြည်နယ် လက္ကားဈေးထက်နည်းသည်။) |
| ဝင်ငွေ | တစ်နှစ်လျှင် ဒေါ်လာ ၁.၇၅ ဘီလီယံ |
| ၂၅% ဖြင့် ရောင်းငွေခွန် (Sales tax @ 25%) | ဒေါ်လာ ၄၃၉ သန်း (ကချင်အတွက်၊ ကျန်ပြည်နယ်များနှင့် ဗဟိုအစိုးရအတွက် ဒေါ်လာ ၁၄၆ သန်း) |
| ကုမ္ပဏီ၏ စုစုပေါင်းဝင်ငွေ | ဒေါ်လာ ၁၃၁၂ သန်း ($600 million to retire debt; $712 million remainder is profit[12]) |
| စာချုပ်အရ ရောင်းချမှု (Contractual sales) | မြန်မာလျှပ်စစ်ကုမ္ပဏီအနေဖြင့် (at 7 cents/kWh) ဖြင့် နှစ်စဉ်လျှပ်စစ် ထုတ်လုပ်မှု၏ ၃၀% တိုင်၊ ဒီဇင်ဘာလမှ ဧပြီလကြား ကာလများတွင် ထုတ်လုပ်မှု၏ ၅၀% တိုင် ဝယ်ယူခွင့်ပြု ရန်လိုပြီး၊ မဖြစ်မနေ ဝယ်ယူရမည်တော့ မဟုတ်ပါ။ ခြောက်သွေ့နွေရာသီတွင် ဝယ်ယူမှုသည် နှစ်စဉ်ဝယ်ယူခွင့် ကန့်သတ်မှု ၃၀% အပေါ်ထပ်၍ တွက်ချက်ထားခြင်းဖြစ်သည်။ |

မှတ်ချက်။ ။ ယခုဖော်ပြချက်သည် မြင်သာအောင် အချက်အလက်ဖော်ပြခြင်းသာ ဖြစ်သည်။ ဤအတိုင်းလိုအပ်မည် မဟုတ်သလို၊ ဖြစ်စေရမည်ဟု ကတိကဝတ်ပြုသည့် ကိန်းဂဏန်းများလည်း မဟုတ်ပါ။ အကယ်၍ အမှန်တကယ် ထုတ်လုပ်မှုနှင့် လက္ကားဈေးနှုန်းများ ကွာခြားပါက၊ အမှန်တကယ်ဂင်ငွေ၊ အခွန်များ၊ အမြတ်များသည်လည်း ခြားနားလိမ့်မည် ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ယခုလက်ရှိ အခြေအနေတွင် ဤကိန်းဂဏန်းများအတိုင်း ဖြစ်နိုင်ခြေလည်း များစွာရှိနေပါသည်။

DRAFT

### အကြံပြုချက်များ

၁။ ရေအားလျှပ်စစ်ထုတ်လုပ်ရန် နေရာအတွက် လိုင်စင်ချပေးခြင်းသည် ပြည်နယ်အဆင့်ရော၊ ဗဟိုအဆင့်ပါ လိုအပ်ပါသည်။[13]

၂။ သတ်မှတ်ထားသည့်အတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဗဟိုအစိုးရနှင့် ပြည်နယ်အကြား ဘဏ္ဍာငွေစီးဆင်းမှု ဆက်ဆံရေးကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပါသည်။

---

[12] ရေအားလျှပ်စစ် ထုတ်လုပ်ရာ၌ ကုန်ကျစားရိတ် အနည်းငယ် ကွဲလွဲမှု ရှိနိုင်ပါသည်။ တစ်နှစ်လျှင် ၆၀၀၀ မဂ္ဂါဝပ် ထုတ်လုပ်ရန် ဒေါ်လာသန်း ၆၀ ခန့် ကုန်ကျနိုင်သည်။ ဤပမာဏကို အမြတ်ငွေများထဲမှ ပြန်၍ နှုတ်ယူနိုင်သည်။ ထို့နောက် ပထမ ၁၅ နှစ်အတွက် အမြတ်ခွန် ကောက်ယူမှုရာခိုင်နှုန်းသည် ၂၅% ရှိမည်။ အကြွေးများလည်း ၁၅ နှစ်တွင် ပြေကျေသင့်ပါသည်။ ထို့နောက်တွင် (ပို၍နည်းသော အပြောင်းအလဲရှိနိုင်သည့် ကုန်ကျစားရိတ်) ဒေါ်လာ ၁၃၁၂ သန်း (less variable costs) မှနေ၍ ၂၅% အမြတ်ခွန် ပေးဆောင်ပြီးပါကလည်း၊ လာမည့် ၁၅ နှစ်တွင် ဒေါ်လာ သန်း ၁၀၀၀ နီးပါး အသားတင် ကျန်ဦးမည် ဖြစ်သည်။ အခွန်ဆောင်ပြီးတွင် အီကွိတီအစုရှယ်ယာမှ ၃၀% မှသည် ၄၀% မျှ ရှိမည် ဖြစ်သည်။

[13] လက်ရှိ ပြည်နယ်အစိုးရတွင် ဗဟိုမှခန့်အပ်ထားသည့် (ယခင် တပ်မတော်အရာရှိဟောင်း) ဝန်ကြီးချုပ်နှင့် ကချင်လူမျိုးများ၏ နိုင်ငံရေးပါတီကို ယှဉ်ပြိုင်ခွင့်မပေးသောကြောင့်၊ ယှဉ်ပြိုင်စရာ မလိုခဲ့သည့် ရွေးချယ်တင်မြှောက်ခံ အုပ်စုတို့ ပါဝင်ပါသည်။ ထင်မြင်ယူဆရသည်မှာ အကယ်၍ ပိုမိုပြိုင်ဆိုင်ခွင့်ရှိသည့် ရွေးကောက်ပွဲမျိုး ခွင့်ပြုခဲ့ပါက၊ ပြည်နယ်အစိုးရသည် ပြည်သူများ၏ အကျိုးစီးပွားနှင့် ပိုမိုနီးစပ်စွာ ပေါ်ထွက်လာနိုင်ပါသည်။ ဤအချက်မှာ ဆည်များ လိုင်စင်ချပေးရေးအတွက်မျှသာ အရေးကြီးသည်မဟုတ်၊ ပြည်နယ်အစိုးရသို့ ဘဏ္ဍာရန်ပုံငွေ ချပေးမှုများသည်လည်း ပို၍ အဓိပ္ပါယ်သက်ဝင်လာနိုင်ပါသည်။

၃။ တိုက်ရိုက်တင်မြှောက်ရွေးချယ်ခံရသည့် ပြည်နယ်အစိုးရများနှင့် ဘဏ္ဍာရေးအရ ကိုယ်ပိုင်ပြဌာန်းလုပ်ပိုင်ခွင့် လိုအပ်ပါသည်။

၄။ မြန်မာလျှပ်စစ် ကုမ္ပဏီက အမှန်တကယ်ကုန်ကျစားရိတ်အပေါ် တွင် ပျမ်းမျှလျှပ်စစ်ကျသင့်မှုနှုန်းထားကို မြှင့်ရန် လိုအပ်ပါသည်။

၅။ လျှပ်စစ်ပို့လွှတ်ခြင်း နှင့် ဖြန့်ဝေခြင်းအတွက် အပိုဆောင်းရင်းနှီးမြှုပ်နှံမှုများ ထည့်သွင်းစဉ်းစားသင့်ပါသည်။

၆။ သဘာဝဓာတ်ငွေ့ နှင့် မြန်မာနိုင်ငံပိုင် ရေအားလျှပ်စစ်လုပ်ငန်းများမှ နောက်ထပ်စွမ်းအင် ထောက်ပံ့မှုလည်း လိုအပ် ပါသည်။

၇။ ဆည်များ လည်ပတ်မှုနှင့် စီမံခန့်ခွဲမှု (ဥပမာအားဖြင့်- ရေလွှတ်ချခြင်း ကိစ္စများ) တွင် ကြီးကြပ်မှု လိုအပ်ပါသည်။

## နောက်ဆက်တွဲ (၁)။ အဆိုပြုလိုသည့် တရုတ်-ကချင် ရေအားလျှပ်စစ်ကုမ္ပဏီ ပုံစံ နမူနာ (Pro-forma Example) [1]




[1]Sells power at 7c/KW (no free power); negotiates amount and seasonality of power bought by Myanmar; World Bank and ADB supply environment and governance help

## နောက်ဆက်တွဲ (၂)။ အဆိုပြုသည့် တရုတ်-ကချင် ရေအားလျှပ်စစ် ကုမ္ပဏီ၏ ကောင်းကျိုးများ

**ကချင်များအတွက်**

- ရေအားလျှပ်စစ် စီမံချက်နေရာများ၊ ပမာဏ၊ စီမံခန့်ခွဲမှုတို့ကို ဆွေးနွေးရာနေရာ၌ "စားပွဲဝိုင်းပေါ် နေရာရလာစေမည်" ဖြစ်သည်။
- ရွှေ့ပြောင်းထွက်ပြေးနေရသူများကို ကူညီထောက်ပံ့ရန်၊ အခြေခံ အဆောက်အဦ၊ အခြားဝန်ဆောင်မှုများအတွက် ဝင်ငွေဘဏ္ဍာ အကြီးအကျယ် ရရှိစေမည်။
- ဗဟိုအစိုးရနှင့် ဆက်ဆံရေးအသစ်၊ ငြိမ်းချမ်းရေး ရရှိလာစေမည်။
- အဆိုပြုထားသည့်နေရာများတွင် ပိုင်ဆိုင်မှု အီကွိတီ အစုရှယ်ယာများပင် ရရှိလာနိုင်ပါသည်။ (သို့ရာတွင် ချေးငွေများ လိုအပ်လိမ့်မည် ဖြစ်သည်။)

**တရုတ်နိုင်ငံအတွက်**

- ကချင်ပြည်နယ်တွင် ရေအားလျှပ်စစ်ထုတ်လုပ်ရေး လုပ်ငန်းများကို ငြိမ်းချမ်းစွာ ဆောင်ရွက်နိုင်ပြီး၊ ပိုက်လိုင်းအတွက်လည်း လုံခြုံစေမည်။
- တရုတ်အရင်းအနှီးများအတွက် အကျိုးအမြတ် ထွက်ပေါ်စေမည်။
- လက်ကားဈေးနှုန်းထက် လျှော့နည်းစွာပင် ယူနန်ပြည်နယ်အတွက် အပိုလျှပ်စစ်စွမ်းအင်ကို ရရှိနိုင်မည်။
- ရှေ့လျှောက် မြန်မာနိုင်ငံတွင် ဆောင်ရွက်မည့်ရေအားလျှပ်စစ်လုပ်ငန်းများအတွက် လုပ်ဆောင်ပုံနည်းလမ်းတစ်ခုလည်း ဖြစ်နိုင်သေးသည်။
- မြန်မာလူထုများအနေဖြင့် ဝင်ငွေဘဏ္ဍာနှင့် လျှပ်စစ်စွမ်းအင် ရရှိလာပါက၊ မြန်မာလူထုများ၏ ရန်လိုဆန့်ကျင်မှုလည်း လျှော့နည်းလာဖွယ် ရှိပါသည်။

**မြန်မာနိုင်ငံအတွက်**

- လျှပ်စစ်ထောက်ပံ့မှုကို သင့်တင့်သည့်ဈေးနှုန်းဖြင့် ရနိုင်ရန် တောင်းဆိုနိုင်သည့် အခွင့်အရေး ရရှိမည်။
- လျှပ်စစ်ကောင်းကင်ကြိုးတန်း ကွန်ရက်နှင့် အခြား အခြေခံအဆောက်အဦများအတွက် ထောက်ပံ့ရန် ဘဏ္ဍာဝင်ငွေ အကြီးအကျယ် ရရှိလာစေမည်။
- ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းများကို အဆောတလျင်လုပ်ဆောင်ရန် နည်းလမ်းရရှိလာစေမည်။ ထို့အပြင် အခြားပြည်နယ်များအတွက်လည်း နမူနာ ဖြစ်လာနိုင်သည်။
- လျှပ်စစ်ဈေးနှုန်းကို စီးပွားရေးလုပ်ငန်းသုံး နှုန်းထားအတိုင်း ဖြစ်စေရန် မြှင့်တင်ဖို့ စေ့ဆော်ချက် မက်လုံးဖြစ်လာစေနိုင်သည်။ ဓာတ်ငွေ့အားသုံး လျှပ်စစ်ထုတ်လုပ်ရေးလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်သည်။
- တရုတ်နိုင်ငံနှင့် ပို၍တန်းတူရည်တူ၊ ပို၍ အကျိုးရှိစေမည့် ဆက်ဆံရေးလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

ဤသို့ ပြန်လည်ညှိနှိုင်းခြင်းကို ခွင့်ပြုခြင်းအားဖြင့်၊ တရုတ်နိုင်ငံက နိုင်ငံရေးအပြောင်းအလဲကို အသိအမှတ်ပြုလာပြီး၊ မြန်မာနိုင်ငံနှင့် ပို၍ကျယ်ပြန့်သော၊ တည်ငြိမ်သော ဆက်ဆံရေး ဖြစ်ထွန်းလာမည် ဖြစ်သည်။ ဤသို့ဖြင့် ပို၍ညီညွတ်၊ ငြိမ်းချမ်းသော ပြည်ထောင်စုပေါ်ထွန်းစေနိုင်မည် ဖြစ်ပြီး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ပို၍ကောင်းမွန်သည့်ဝန်းကျင်ကိုလည်း ဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။

## နောက်ဆက်တွဲ (၃)။ လျာထားသည့် ဧရာဝတီ၊ အဲန်မိုင်၊ မလိခဆည်များပြ မြေပုံ



## နောက်ဆက်တွဲ (၄)။ ပုံစံအတူယူဖွယ် နမ့်ထွမ်း -၂ ဆည် (Nam Theun 2)

နမ့်ထွမ်း-၂ ဆည်သည် လာအိုနိုင်ငံ၌ တည်ရှိပြီး၊ လျှပ်စစ်ဓာတ်အား ၁၀၀၀ မဂ္ဂါဝပ် ထုတ်နိုင်မည့်ဆည် ဖြစ်သည်။ ဆည်တည်ဆောက်ရန် စီးပွားရေးလုပ်ငန်းရှင်များနှင့် အကူအညီပေးရေး အဖွဲ့အစည်းများ၏ ညွန့်ပေါင်းအဖွဲ့ (consortium) တစ်ခုက ရန်ပုံငွေထောက်ပံ့ပြီး၊ ထွက်ရှိလာသည့်ဓာတ်အားကို အထူးသဖြင့်  ထိုင်းနိုင်ငံ၏ လျှပ်စစ်အသုံးချဌာနတစ်ခု ဖြစ်သော (EGAT)[14] သို့ ရောင်းချရန် ရည်ရွယ်ထားသည်။ လူသိရှင်ကြားထုတ်ပြန်သည့် မှတ်တမ်းများအရ ၎င်းစီမံကိန်းမှ တစ်နှစ်လျှင် လျှပ်စစ် ၆၀၀၀ မဂ္ဂါဝပ်နာရီ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး၊ လာအိုအစိုးရအတွက် တစ်နှစ်လျှင်ဘဏ္ဍာဝင်ငွေ ဒေါ်လာသန်း ၆၀ ခန့် ပျမ်းမျှ ၂၅ နှစ်တိုင် BOT စီမံကိန်းအရ လုပ်ကိုင်နေစဉ် သက်တန်းအတွင်း ရရှိနိုင်ပါသည်။ (BOT ဆိုသည်မှာ Build-Own-Operate-Transfer တည်ဆောက်-လည်ပတ်-လွှဲပြောင်းလုပ်ကိုင်စေသည့် ရင်းနှီးမြှုပ်နှံမှုမျိုးဖြစ်ပါသည်။) ဤတွက်ချက်မှုအရ အကျိုးအမြတ်အားဖြင့် တစ်ကီလိုဝပ်နာရီ ထုတ်တိုင်း၊ အမြတ် ၁.၃၃ ဆင့် (1.33 cents per kWh) ရရှိစေရာ၊ ကချင်ပြည်နယ်ရှိဆည်များတွင် ခန့်မှန်းတွက်ချက်ထားသည့် အနိမ့်ဆုံး ၁. ၅ ဆင့် (1.5 cents) နှင့် နီးစပ်ပါသည်။ သို့သော်လည်း၊ အကျိုးအမြတ်များခွဲဝေမှု အချိန်ကို သတ်မှတ်ဖော်ပြထားခြင်း မရှိသလို၊ တစ်ကီလိုဝပ်နာရီတွင် ရရှိမည့် အကျိုးအမြတ်ကိုလည်း ဖော်ပြထားခြင်း မရှိပါ။ ပိုင်ဆိုင်မှုအနေဖြင့် ၄၀% ကို Électricité de France က ပိုင်ဆိုင်မည်ဖြစ်ပြီး၊ ၃၅% ကို လာအိုနိုင်ငံတော် ဦးပိုင်စီးပွားရေးလုပ်ငန်း (Lao Holdings State Enterprise)၊ ၂၅% ကို ထိုင်းပုဂ္ဂလိက ဦးပိုင် လျှပ်စစ်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် (EGAT) က ဖွဲ့စည်းထားသည့် (EGCO) က ပိုင်ဆိုင်မည် ဖြစ်ပါသည်။

နမ့်ထွမ်း-၂ ကုမ္ပဏီတွင် ဝက်ဘ်ဆိုဒ်ရှိပြီး၊ http://www.namtheun2.com/ တွင် သွားရောက် ဖတ်ရှုနိုင်သည်။ ၎င်းဝက်ဘ်စာမျက်နှာတွင် လျှပ်စစ်ဝယ်ယူရေး သဘောတူညီချက်နှင့် ပတ်သက်၍ သတင်းအချက်အလက်မြောက်များစွာကို တင်ပြထားသည်။
http://www.namtheun2.com/images/stories/PPA&CA/041006%20-%20EGAT%20PPA%20%20Summary%20for%20Public%20Disclosure.pdf နှင့် လုပ်ငန်းစာချုပ် သဘောတူညီချက်များကို
http://www.namtheun2.com/images/stories/PPA&CA/SummaryofCA,%20for%20public%20disclosure.pdf
တွင် ကြည့်ရှုနိုင်သည်။ သို့သော်လည်း လျှပ်စစ်ရောင်းချသည့်ဈေးနှုန်းကိုမူ လူအများသိရှိနိုင်အောင် ဖော်ပြထားခြင်းမရှိပါ။ ၎င်းစီမံကိန်းမှာ စိတ်ဝင်စားဖွယ်အထူး ကောင်းပါသည်။ အကြောင်းမှာ ထူးခြားစွာပင် အဆင့်မြင့်မားသည့် သဘာဝဝန်းကျင်နှင့် ရပ်ရွာ လူမှုအဖွဲ့အစည်း ပြန်လည်ဆန်းစစ်မှုများ ပါဝင် ပတ်သက်နေမှုကြောင့် ဖြစ်ပါသည်။ အချို့က နောက်ဆုံးပေါ် (state of the art) အဆင့်မြင့် သဘာဝဝန်းကျင် ဆန်းစစ်မှုများဟုပင် ဖော်ပြခဲ့ကြပြီး၊ ဆည်ကြောင့် ထိခိုက်သက်ရောက်နိုင်မှုကိုလည်း တွက်ချက်ဖော်ပြခဲ့သည်။ အဲန်ဂျီအိုတစ်ခုဖြစ်သည့် နိုင်ငံတကာမြစ်များဆိုင်ရာအဖွဲ့ International Rivers ကဲ့သို့သော အချို့အုပ်စုများက ဤသို့သော လုံခြုံရေးအစီအမံများ (safeguards) နှင့် လုပ်ငန်းစဉ်များကို မလုံလောက်ဟု ကန့်ကွက်ဆန့်ကျင်ကြပါသည်။ ၎င်း၏ ဝက်ဆိုက်ဒ်ကို ယခုနေရာတွင် ရယူဖတ်ရှုနိုင်သည်။
http://www.internationalrivers.org/campaigns/nam-theun-2-dam.

[14] ထွက်ရှိလာသည့် လျှပ်စစ် အနည်းငယ် (75 MW) ကို လာအိုနိုင်ငံလျှပ်စစ် ထောက်ပံ့ရေးစနစ်သို့ ပေးမည်ဖြစ်ပြီး၊ ကျန် ၁၀၀၀ မဂ္ဂါဝပ်ကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချမည် ဖြစ်သည်။